မြောင်းပြိုကျေးရွာ

ထားဝယ်မြို့နယ်၊ တားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြောင်းပြိုကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

## ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **မြောင်းပြို့ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၇ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆။ | **ပညာရေး** | ၈ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၁ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၃ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၄ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၃ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၇ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၉ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၁ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ

ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၇**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**မြောင်းပြိုကျေးရွာ**

**ထားဝယ်မြို့နယ်**

## မြောင်းပြို ကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မြောင်းပြိုကျေးရွာ၏ အရှေ့ဘက်တွက် ဟိန္ဒားပြင်ကျေးရွာနောက်ဘက်တွင် ကျောက်မဲတောင်ကျေးရွာအုပ်စု တောင်ဘက်တွင် တောင်သုံးလုံးကျေးရွာအုပ်စုနှင့် မြောက်ဘက်တွင် ဟိန္ဒားသတ္တုတူးဖော်ရေးလုပ်ကွက်များနှင့် ထိစပ်လျက်ရှိပါသည်။ ကျေးရွာသည် တောင်တန်းဒေသဖြစ်၍ မြေပြန့်နည်းပါးသည်။ ကျေးရွာသည် ပင်လယ်ရေမျက်နှာပြင် အထက် (၂၀၀) ပေတွင် တည်ရှိပါသည်။ ထားဝယ်မမြို့မှ (၃၅)မိုင်ကွာဝေးပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မြောင်းပြိုကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၄၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၃) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၈၀နှင့်၁၀၀) လက်မဖြစ်ပြီး၊ နွေရာသီတွင် မြောင်းပြိုကျေးရွာတွင် သဘာဝအလျောက် ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကညင်ပင်၊ တောင်သရက် ၊ သစ်ခါပင်၊ သကၡမ်းပင်တို့ ဖြစ်ပါသည်။ တောရိုင်းတိရိစ္ဆာန်များမှာ တောဝက်၊ ဆတ်၊ မျောက်နှင့် ငှက်အမျိုးမျိုး တို့ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့နှင့် ဓမ္မစကြာအဖွဲ့များသည် စွမ်းဆောင်နိုင်မှု အသင့်အတင့်သာရှိပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးဆောင်မှုနှင့် စီမံခန့်ခွဲရေးသင်တန်း၊ အဖွဲ့အစည်းဆိုင်ရာသင်တန်းများပေးရန် လိုအပ်နေပါသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ **Dawei Development A** အဖွဲ့ နှင့် စားသုံးကုန်သမ္မဂ္ဂအဖွဲ့ စသည့်အဖွဲ့အစည်းများသည် ရေပုံးများနှင့် ရေပိုက်သွယ်တန်းခြင်းများ ဆောင်ရွက်ပေးပါသည်။

### (က) သီးနှံ စိုက်ပျိုးရေး

စိုက်ပျိုးရေကို ချောင်းရေဖြင့်သာ အသုံးပြုကြပါသည်။ သို့သော် ယခုအခါ ချောင်းမှာ တိမ်သွားသောကြောင့် အသုံးပြု၍ မရတော့ပါ။ ယခင်စားကျက်ကေ (၂၀)ခန့် ရှိရာမှ ယခုအခါ သဲဖုံးလွှမ်းခြင်းကြောင့် အသုံးမပြုနိုင်တော့ပါ။

မြေယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စု(၃၃)စုရှိပါသည်။ ၎င်းအိမ်ထောင်စုများသည် ကြုံရာကျပန်းအလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ တောင်ယာစပါးဖြစ်သည်။ တောင်ယာစပါးတစ်ကေလျှင် (၅၀၀၀၀၀)ကျပ် ကုန်ကျ၍

တောင်ယာစပါး တစ်မျိုးတည်းကိုသာ အဓိကစိုက်ပျိုးခြင်းမရှိဘဲ ဥယျာဉ်ခြံ (ကွမ်း၊ ရာဘာ) စိုက်ပျိုး ကြပါ သည်။

စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှုမရှိပါ။ မြက်ရိတ်စက်မှာ အသင့်ရှိနေပြီး ကိုယ်ပိုင်စိုက်ပျိုးမြေများအတွက်နှင့် နေ့စားလုပ်သားများအတွက် တောရှင်းရန် အသုံးပြုကြပါသည်။ ကျေးရွာသည် ဟိန္ဒားမိုင်းဇေရိယာအတွင်း ကျရောက်နေသဖြင့် စိုက်ပျိုးရေးအတွက် အခွင့်အလမ်းနည်းပါးလှပါသည်။ ကျေးရွာသည် မိုင်းဇေရိယာအတွင်း ကျရောက်နေသဖြင့် မြေဆီသြဇာမကောင်းခြင်း၊ စိုက်ပျိုးရေမလုံလောက်ခြင်း၊ ငွေကြေးအရင်းအနှီးမရှိခြင်း စသည့် အခက်အခဲများရှိပါသည်။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ကျေးရွာတွင်း အိမ်ထောင်စုများသည် တနိုင်တပိုင် နွား၊ ဝက်၊ ဆိတ်၊ ကြက် မွေးမြူကြသည်။ ဆိတ်၊ နွား၊ ကြက်၊ ဝက်များကို စီးပွားအဖြစ်လည်း မွေးမြူနိုင်သည်။ မြောင်းပြိုကျေးရွာတွင် ဟိန္ဒားမိုင်းမှ သဲများဖုံးလွှမ်းသဖြင့် စိုက်ပျိုးမြေ၊ စားကျက်မြေများ ပျက်စီးခြင်း စသည့်အခက်အခဲများ ကြုံတွေ့ရပါသည်။မြောင်းပြိုကျေးရွာတွင် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အခွင့်အရေးများ နည်းပါးလှပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်း များအတွက် အခွင့်အလမ်း များနည်းပါးပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ပညာ တတ်သူဦးရေနည်းပါး၍ လုပ်သားအင်အားနည်းပါးခြင်းနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ဌာနဆိုင်ရာများမှ အသက်မွေးဝမ်းကျောင်းသင်တန်းများ မရရှိခြင်းတို့ကြောင့် အလုပ်အကိုင်ခွင့်လမ်းများ နည်းပါးပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးနှင့် ဘဏ်လုပ်ငန်းများလက်လှမ်းမီမှု မရှိပါ။ လုပ်ငန်းများလုပ်ကိုင်ရန် အတွက် မည်သည့်ဌာနမှ အတိုးနှုန်းသက်သာချေးငွေများ လာရောက်ထုတ်ချေးပေးခြင်း များမရှိပါ။ ကျေးရွာတွင် ချေးငွေကဏ္ဍ၌ မိတ်ဆွေ၊ ဆွေမျိုးများနှင့် ငွေတိုးချေးသူထံမှ ခေတ္တခဏချေးငှားသည်မှလွဲ၍ တခြားနေရာမှမရရှိပါ။ ငွေချေးပေးသူများ၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ စားဝတ်နေရေးအတွက် ချေးယူမှုပို၍များပါသည်။ ငွေချေးပေးသူများထံတွင် အတိုးနှုန်းမြင့်မားပါသည်။ သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲရှိ နေပါသည်။ ပုံမှန်ဝင်ငွေရလုပ်ငန်းများမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေး ဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့်ဖြစ်သည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ တစ်နှစ်ပတ်လုံး အသုံးပြုကြပါသည်။ မြောင်းပြို- ဟိန္ဒားမြေသားလမ်း (၅)မိုင်မှာ အသင့်အတင့်ကောင်းမွန်ပါသည်။ သို့သော်လည်း မြေသားလမ်းဖြစ်သဖြင့် နွေရာသီတွင်ဖုန်ထသောကြောင့် ကျန်းမာရေးအတွက် မကောင်းပါ။ ထိုကြောင့် ထိုမြေသားလမ်းအား ကျောက်ချောလမ်း (သို့) ကွန်ကရစ်လမ်းခင်းပေးပါက ပိုမိုအဆင်ပြေ လာမည်ဖြစ်ပါသည်။

မြောင်းပြို-တောင်သုံးလုံးကြားတွင် သစ်သားတံတားတစ်စင်းမှာ ကုန်သွယ်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးအတွက် အဓိကအသုံးပြုနေပါသည်။ သို့သော် ထိုသစ်သားတံတားမှာပျက်ဆီးနေသဖြင့် တစ်ဆင့်မြှင့်တင်ခြင်းများပြုလုပ်ရန် လိုအပ်နေပါသည်။ ကျေးရွာ အတွင်း ရေကြောင်းပို့ဆောင်ရေးမရှိပါ။

### (ခ) ကျေးရွာ မီးလင်းရေး

ဆိုလာမီးကို အသုံးပြုမှု အနည်းငယ်ရှိပြီး တစ်ချို့အိမ်ထောင်စုများမှာ ဒီဇယ်အင်ဂျင်မှပေးသော မီးကိုသုံးစွဲကြပါသည်။ **TV** ယူလျှင် တစ်လ (၄၀၀၀)ကျပ်ပေးရပြီး မီးတစ်ပွင့်လျှင် တစ်လ (၈၀၀၀)ကျပ် ပေးရပါသည်။ ညနေ (၆)နာရီမှ (၉)နာရီအထိ သာရရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ မီးခွက်နှင့် ဖယောင်းတိုင်များကို သုံးစွဲကြပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကြိုးဖုန်းကိုသာ အသုံးပြုနိုင်သောကြောင့် သတင်းအချက်အလက်ရရှိရန် အတွက်ခက်ခဲပါသည်။

## ၆။ ပညာရေး

စာတတ်မြောက်မှုနှုန်းမှာ ၈၂ ရာခိုင်နှုန်းခန့်ရှိသည်။ အများအားဖြင့် ဘုန်းကြီးကျောင်းသင်ပညာရေး၊ မူလတန်းမပြီးဆုံးသူ၊ မူလတန်းပြီးဆုံးသူနှင့် အလယ်တန်းပြီးဆုံးသူများသာ များပါသည်။

မူလတန်းအခမဲ့ပညာသင်စနစ်ကြောင့် မူလတန်းမတက် ရောက်ရသူများမရှိပါ။ လက်ရှိမူလတန်းတက်ရောက်နေသူများမှာ ၅-၉ နှစ် လူဦးရေ ထက်များနေရခြင်းမှာ မူလတန်းတက်ရောက်နေသူအချို့မှာ ၅-၉နှစ်အထက် အသက်ကြီးနေသောကြောင့် ဖြစ်သည်။ ကျေးရွာတွင် ကိုယ်ထူကိုယ်ထ မူကြိုကျောင်းရှိသည်။ ရွာအတွင်းတွင် မူလတန်းကျောင်းရှိပြီး ကျောင်းဆောင်မှာ တစ်ထပ်ကျောင်းဆောင် ဖြစ်သည်။ ကျောင်းသုံးပရိဘောဂများမှာ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

ကျောင်းဆရာ/မများ လုံလောက်မှုမရှိပါ။ ဆင်းရဲသော မိသားစုများအနေဖြင့်

အလယ်တန်းနှင့် အထက်တန်းပညာရေးများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုများ များစွာရှိပါသည်။ မူလတန်းပြီးဆုံးပြီးအလယ်တန်းတက်ရောက်ရန် အခြားနေရာသို့ သွားရောက်သင်ယူရန်အတွက် အခက်အခဲများစွာရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ရာသီအပြောင်းအလဲကာလများတွင် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများ ဖြစ်လေ့ရှိပါသည်။ သွေးတိုးရောဂါသည်လည်း လူကြီးပိုင်းများတွင် ဖြစ်ပွားမှုနှုန်းမြင့်သည်။ အခြားရောဂါများ ဖြစ်ပွားမှုနှုန်းမများလှပါ။

ကျေးလက်ကျန်းမာရေး ဝန်ထမ်းချထားပေးရန် အစီအစဉ်ရှိသော်လည်း ဝန်ထမ်းအိမ်ရာမရှိသဖြင့် လာရောက်ခြင်းမရှိချေ။ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများလည်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။

ကျန်းမာရေးအတွက်ဆေးဝါးများ လိုအပ်ပါက (၁)မိုင်ခန့် ကွာဝေးသော တောင်သုံးလုံးကျေးရွာရှိ ဆေးဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။ သို့သော် (၆)မိုင်ခန့်ဝေးသော မေတ္တာမြို့နယ်ခွဲဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းမရှိခြင်း၊ ဆေးဝါးများ မလုံလောက်ခြင်းတို့ကြောင့် အရေးပေါ်ကိစ္စများဖြစ်ပေါ်လာပါက ထားဝယ်မြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။

ရေတွင်းအများစုမှာ သဲဆိပ်သင့်သဖြင့် အသုံးပြုနိုင်ခြင်းမရှိပါ။ အသုံးပြု၍ရသော ရေတွင်း(၅)တွင်းသာ ရှိပါသည်။ ရေတွင်း (၆၀)ခန့်မှာ ပျက်စီးနေပြီးဖြစ်သည်။ သဘာဝချောင်းဖျားမှ စိမ့်စမ်းရေသွယ်တန်းခြင်း၊ တွင်းများတူးပြီး ရေတင်စနစ်ဖြင့် ရေဖြန့်ဖြူးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးသင့်ပါသည်။

ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုများ(၇၅)စု သာရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာဆောက်လုပ်ရာတွင် ကုန်ကျစရိတ်များပြားမှုကြောင့် တွင်း၊ ဇလားအိမ်သာနှင့်တောထိုင်များကို အသုံးပြုနေကြရပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျနေပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ် နှင့်အထက် (၃)ဦး၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁၀)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်နေသည့် ဆင်းရဲသော အိမ်ထောင်စု (၁၀)စု ရှိပါသည်။

မိုးရာသီအလုပ်အကိုင်ရှားပါးသော အချိန်များတွင် စားနပ်ရိက္ခာမဖူလုံမှုများ ကြုံတွေ့ရတတ်ပါသည်။ တောမီးလောင်မှုများ တစ်ခါတစ်ရံဖြစ်ပွားမှုရှိသော်လည်း ဥယျာဉ်ခြံ

ပိုင်ရှင်များသာ အနည်းငယ်ထိခိုက်မှုများရှိနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ အသင့်အတင့်မျှကောင်းမွန်ပါသည်။ သဘာဝအရင်းအမြစ်အားဖြင့် စိုက်ပျိုးမြေများမှာလည်း ရှားပါးလာပြီး စိုက်ပျိုးရေမှာလည်း မိုးရေဖြင့်သာ စိုက်ပျိုးနေကြရပါသည်။

သဲနစ်မြုပ်ခြင်းကြောင့် မြေဆီသြဇာများ ပျက်စီးလာခြင်း၊ သစ်တောများပြုန်းတီးခြင်းကြောင့် အပင်မျိုးစိတ်များရှားပါးလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်းနှင့် အခြားတိရစ္ဆာန်မျိုးကွဲများ ရှားပါးလာခြင်းစသည့် အခက်အခဲများရှိပါသည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

စီမံခန့်ခွဲမှုစနစ်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား သံသယ ဖြစ်ဖွယ်အကြမ်းဖက်မှုများမရှိပါ။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် လူထု၏အသိအမြင်ရှိမှုများ လိုအပ်နေဆဲပင်ဖြစ်သည်။

ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု (၁၁၂)စုရှိပြီး လူဦးရေစုစုပေါင်း (၆၅၁)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၈၁) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းထက် များပြားနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။ လုပ်အားခနှုန်းထားများမှာ ကျား-မ ကွာခြားမှုရှိသည်။

**၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြု စီမံချက်လုပ်ငန်းများ**

| ကျေးရွာအုပ်စုအမည် -ဟိန္ဒား | | | ကျေးရွာအမည် – မြောင်းပြို | မှတ်ချက် |
|---|---|---|---|---|
| **စဉ်** | **ကဏ္ဍ** | **စီမံချက် ဆိုလိုရင်း** | **စီမံချက်နှင့်လုပ်ငန်းစဉ်များ** | |
| ၁ | မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | တိရိစ္ဆာန်မွေးမြူရေး | မျိုးကောင်းမျိုးသန့်ရရှိအောင်ဆောင်ရွက်ပေးခြင်း။ | |
| ၂ | မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | တိရိစ္ဆာန်မွေးမြူရေး | စားကျက်မြေများ သဲမြေဖုံးလွှမ်းခြင်းမှ ပြန်လည်အသုံးပြုနိုင်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | မြေ | သဲမြေဖုံးလွှမ်းသောမြေများ ပြန်လည်အသုံးပြုနိုင်ခြင်း။ | |
| ၄ | ပညာရေး | ဆရာ၊ဆရာမ | ပညာရေးဝန်ထမ်းများ လုံလောက်စွာဖြည့်တင်းပေးခြင်း | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းပရိဘောဂများ၊အားကစားကွင်းနှင့်ဆက်စပ်ပစ္စည်းများဖြည့်တင်းပေးခြင်း။ | |
| ၆ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အဖွဲ့အစည်းဆိုင်ရာသင်တန်း၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်းများပေးခြင်း။ | |
| ၇ | လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး | လုံခြုံရေး | မူးယစ်ဆေးဝါးဆိုင်ရာဟောပြောပွဲများဆောင်ရွက်ခြင်း။ | |
| ၈ | သတင်းနှင့်ဆက်သွယ်ရေး | ဆက်သွယ်ရေးကွန်ယက် | ဖုန်းလိုင်းဆက်သွယ်ရေးကောင်းရန်အတွက်တာဝါတိုင်များစိုက်ထူပေးရန်။ | |
| ၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက်အိမ်ယာ | ဆရာ၊ဆရာမများနေရန်အိမ်ယာလိုအပ်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် -ဟိန္ဒား | | | ကျေးရွာအမည် - မြောင်းပြို | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၁ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေကန်တည်ဆောက်ခြင်း၊ ရေမောင်းတင်ရန်စက်ပံ့ပိုးခြင်း။ | |
| ၁၂ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စာသင်ကျောင်းသောက်သုံးရေလုံလောက်စွာရရှိခြင်း။ | |
| ၁၃ | ကျန်းမာရေး | ကျန်းမာရေးပညာပေး ကျောင်းကျန်းမာရေး | ကျန်းမာရေးဆိုင်ရာပညာပေးဟောပြောပွဲများကျင်းပပေးခြင်း | |
| ၁၄ | လျှပ်စစ် | မိသားစုသုံးဆိုလာ | ဆိုလာမီးရရှိခြင်း | |
| ၁၅ | ငွေကြေး | ဘဏ်နှင့်ပေါင်နှံရောင်းချခြင်း | စိုက်ပျိုးရေး ချေးငွေများထုတ်ချေးခြင်း | |
| ၁၆ | ငွေကြေး | အသေးစား | မွေးမြူရေးနှင့် စိုက်မွေးမဟုတ်သော ကဏ္ဍများအတွက် အသေးစားချေးငွေများ ထုတ်ချေးခြင်း | |
| ၁၇ | လူငယ်နှင့်အားကစား | အားကစား | အားကစားကွင်း၊ အားကစားပစ္စည်းများပံ့ပိုးပေးခြင်း | |

နောက်ဆက်တွဲ (၁)

## မြောင်းပြိုကျေးရွာ၊ ဟင်္သာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသိန်းလွင် | ဦးငွေကြည် | ၆/ထဝန (နိုင်) ၀၄၉၃၆၃ | ၆၀ | ဥက္ကဋ္ဌ | |
| ၂ | ဒေါ်လှမြင့် | ဦးကြီးညို | ၆/ထဝန (နိုင်) ၀၄ ၉၈၉၉ | ၄၅ | ဘဏ္ဍာရေးမှူး | |
| ၃ | ဦးထွန်းနိုင် | ဦးဖိုးကြွယ် | ၁၀/မလမ(နိုင်) ၁၉၂၃၀၇ | ၄၀ | အတွင်းရေးမှူး | |
| ၄ | ဒေါ်ချစ်ချစ်ချော | ဦးညွှတ်သား | ၆/မတန (နိုင်) ၀၀၂၅၁၃ | ၂၄ | စာရင်းကိုင် | |
| ၅ | ဒေါ်အေးအေးစု | ဦးရှိန်ဝင်း | ၆/မတန (နိုင်) ၀၀၂၄၉၇ | ၁၉ | စာရင်းစစ် | |
| ၆ | ဦးစိုးအောင် | ဦးဘဌေး | ၆/ထဝန (နိုင်) ၀၅၀၀၀၇ | ၅၆ | အဖွဲ့ဝင် | |
| ၇ | ဒေါ်ချို | ဦးအောင်သိန်း | ၆/ထဝန (နိုင်) ၀၄ ၉၉၇၇ | ၅၁ | အဖွဲ့ဝင် | |
| ၈ | ဒေါ်အေးရီ | ဦးစံရွှေ | ၆/ထဝန (နိုင်) ၀၄၉၅၀၃ | ၄၂ | အဖွဲ့ဝင် | |

အထောက်အကူပြု ဇယားများ

(၁ကျေးရွာဖွံ့ဖြိုးရေး) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၄ | ၂၁ | ၄၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၆ | ၁၈ | ၃၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၆ | ၃၄ | ၇၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၁၅ | ၂၆၆ | ၄၈၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂ | ၁၆ | ၁၈ |
| စုစုပေါင်း | | ၂၉၅ | ၃၅၆ | ၆၅၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၁၂ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြောင်းပြိုကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု (၁၁၂)စု ရှိပြီး လူဦးရေစုစုပေါင်း (၆၅၁)ဦးရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၇၄% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၂၆% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၈၁) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းထက် များပြားနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

### ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၇ | ၂၀ | ၃ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၆ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆၀ | ၆၄ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၁၀ | ၂ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၃ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၆ | ၃၂ | ၁၂၈ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၁၂ | ၁၂၇ | ၁၄၅ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ **မြောင်းပြိုကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ထက်ဝက်ခန့်မှာ သတ္တုတူးဖော်ရေးလုပ်ငန်းတွင် နေ့စားလုပ်ကိုက်ကြပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူ၊ လက်လီလက်ကားရောင်းဝယ်ရေး လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသူများ၊ ကျပန်း လုပ်ကိုင်သူများနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူများလည်းရှိသည်။**

## (ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | ၃၆၀၀ | | ၃၆၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | | ၁၅၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။ ။ မြောင်းပြိုကျေးရွာတွင် လယ်ယာလုပ်ငန်းခွင်၊ သတ္တုတူးဖော်ရေး လုပ်ငန်းခွင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် နေ့စားအလုပ်သမားများအဖြစ် လုပ်ကိုင်ကြသူများဖြစ်ကြသည်။ လုပ်အားခနှုန်းထားများမှာ ကျား-မ ကွာခြားမှုရှိသည်။**

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၂ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၄၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၂၁ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၈၇ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်**

မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မြောင်းပြိုကျေးရွာတွင် စိုက်ပျိုးရေးအတွက် ရေကို ချောင်းရေဖြင့်သာ အသုံးပြုကြပါသည်။ သို့သော် ယခုအခါ ချောင်းမှာ တိမ်သွားသောကြောင့် အသုံးပြု၍ မရတော့ပါ။ ယခင်စားကျက်မြေ (၂၀)ခန့်ရှိရာမှ ယခုအခါ သဲဖုံးလွှမ်းခြင်းကြောင့် အသုံးမပြုနိုင်တော့ပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မြောင်းပြိုကျေးရွာတွင် ဓာတ်ငွေ့၊ ရေနံကဲ့သို့သော ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ ယခင် ဆတ်၊ တောဝက်၊ ဂျီနှင့် တောကြောင်များ ပေါများရာမှ သစ်တောပြုန်းတီးခြင်း၊ သဲဖုန်းခြင်းနှင့် ချောင်းကောခြင်းကြောင့် တိရစ္ဆာန်များ မတွေ့ရတော့ပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် | များ | အသင့်အတင့် | နည်း | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂ | ၁၇ | ၆၀ | ၃၃ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ မြောင်းပြို့ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု (၂)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၁၇)စု၊ ဆင်းရဲသော အိမ်ထောင်စု (၆၀)စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု (၃၃)စုရှိပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှုမရှိကြဘဲ ကြုံရာကျပန်းအလုပ်များကို လုပ်ကိုင်ကြပါသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၈ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____ ၃______<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၂ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____ ၅____<br>လုပ်အားခကြိုယူ = ____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____ ၃______<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မြောင်းပြိုကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ပြီး၊ အချို့မှာ သူတစ်ပါးထံမှ မချေးငှားရဘဲ နေ့လုပ်နေ့စားနေရကြောင်း၊ အချို့မှာ လုပ်အားခကြိုယူ၍ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်း၊ အချို့မှာလည်း ကျဘန်းသမားများမှာ အခြားသော အချိန်များတွင်မှ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့် ဆွေမျိုး၊ မိတ်ဆွေများထံမှ ငွေချေးနေရခြင်း၊ အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာ ဖူလုံရန် ဖြေရှင်းနေကြပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | ၃ | ၃ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁၀ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြောင်းပြိုကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက် (၃)ဦး၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁၀)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်နေသည့် ဆင်းရဲသော အိမ်ထောင်စု (၁၀)စု ရှိပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၇ | လျှော | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ မြောင်းပြိုကျေးရွာတွင် မိုးရာသီအလုပ်အကိုင်ရှားပါးသောအချိန်များတွင် စားနပ်ရိက္ခာမဖူလုံမှုများ ကြုံတွေ့ရတတ်ပါသည်။ တောမီးလောင်မှုများ တစ်ခါတစ်ရံဖြစ်ပွားမှု ရှိသော်လည်း ဥယျာဉ်ခြံပိုင်ရှင်များသာ အနည်းငယ်ထိခိုက်မှုများရှိနိုင်ပါသည်။ လက်ပန်း ဆက်သွယ်ရေးအခြေအနေမှာ အသင့်အတင့်မျှကောင်းမွန်ပါသည်။ သဘာဝ အရင်းအမြစ်အားဖြင့် စိုက်ပျိုးမြေများမှာလည်း ရှားပါးလာပြီး စိုက်ပျိုးရေမှာလည်း မိုးရေဖြင့်သာ စိုက်ပျိုးနေကြရပါသည်။**

**(၀-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** မြောင်းပြိုကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများနှင့် မြေယာမဲ့ဆင်းရဲသား တောင်သူများအဖို့ ထိခိုက်မှုများရှိနိုင်ပါသည်။ လက်လုပ်လက်စားများ၊ ကျပန်းအလုပ်သမားများနှင့် လှည့်လည်သွားလာ၍ ဈေးရောင်းသူများ အဖို့လည်း ထိခိုက်မှုများရှိနိုင်ပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အမျိုးသမီး | ၁☐ ၂☑ ၃☐ | | ၆၀ | ၆၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | လူငယ် အသင်း | ၁☐ ၂☑ ၃☐ | ၁၈ | ၁၈ | ၃၆ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၃ | ကျောင်းကော်မတီ | ၁☑ ၂☑ ၃☐ | ၃ | ၅ | ၈ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | ဓမ္မစကြာ | ၁☐ ၂☑ ၃☐ | | ၁၈ | ၁၈ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၆ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၇ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။ ။ မြောင်းပြိုကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့နှင့် ဓမ္မစကြာအဖွဲ့များသည် စသည်များသည် စွမ်းဆောင်နိုင်မှု အသင့် အတင့်သာရှိပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးဆောင်မှုနှင့် စီမံခန့်ခွဲရေးသင်တန်း၊ အဖွဲ့အစည်းဆိုင်ရာသင်တန်းများ ပေးရန် လိုအပ်နေပါသည်။**

## (က-၂)	ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

